
ဘာသာပြန်-တင်အောင်ခိုင်
မိုးမြေဖန်ဆင်းရှင်
တစဉ်-၄၁

# မိုးမြေဖန်ဆင်းရှင်

## အခန်း - ၄၀၁

## ( ဆွဲဆောင်ခြင်း )

*

မိန်းကလေး၏ မျက်နှာ နီရဲနေပြီး ပုန်းအောင်း ရန် နေရာ ရှာဖွေနေသည်ကို မြင်သောအခါ နိုင်း ယွမ် စကားများများ မပြောသင့်ကြောင်း သိ လိုက်၏။ သူ မြေကြီးပေါ်ရှိ လူအုပ်မှ ဒဏ်ရာရ ပြီး မသေသေးသော ဓားပြများကို ညွှန်ပြကာ ပြောလိုက်သည်။

ဆူဂိုက ခုနက လူတိုင်းကို ခေါ်ဆောင်လာရန်

ပိုက်ဆံ ယူခဲ့သည်ဟု ပြောခဲ့သဖြင့် မေးမြန်းရန် အခွင့်အရေးကောင်း တစ်ခုပင်။

"အင်း..." လူငယ်လေး၏ စကားများကို ကြား သောအခါ ရီချင်း နောက်ဆုံးတွင် တုံ့ပြန်လိုက် ပြီး ထိုစားပွဲများထံသို့ ခြေလှမ်း အနည်းငယ် လျှောက်သွားလိုက်သည်။

နာကျင်စွာ အော်ဟစ်သံများ ဆက်တိုက် ထွက် ပေါ်လာပြီးနောက် မိန်းကလေး ခဏအကြာတွင် နွမ်းနယ်နေဟန်ဖြင့် ပြန်လျှောက်လာ၏။ "အဲဒါ ကျန်းမိသားစုက လုပ်တာ..."

"ကျန်းမိသားစု... သောက်ကျိုးနည်း... ဒါ တကယ်ကို အရမ်း လွန်လွန်းတယ်..."

"ရန်ထျန်းမြို့မှာ နံပါတ်တစ် မိသားစုဖြစ်တဲ့ ဂုဏ်သိက္ခာရှိတဲ့ မိသားစုက တကယ်ပဲ မိစ္ဆာ

ဓားပြတွေနဲ့ ပူးပေါင်းတယ်... တကယ် အရှက်ရ စရာပဲ..."

"ငါ ဒီကိစ္စကို ပြန်ရောက်ရင် သခင်ကြီးကို သေချာပေါက် သတင်းပို့ပြီး ကျွန်းမိသားစုကို သူ တို့မှာ အရှက်တရား ရှိမရှိ မေးမယ်..."

မိန်းကလေး ဓားပြများ နောက်ကွယ်မှ ကြိုးကိုင်သူကို ဖော်ထုတ်သည်ကို ကြား သောအခါ ကုလားအုတ်မောင်းသူများ အဆုတ် များ ပေါက်ကွဲလုမတတ် ဒေါသထွက်လာပြီး အော်ဟစ်လိုက်ကြသည်။

"ကောင်းပြီ... လူတိုင်းပဲ... ငြင်းခုံမနေကြနဲ့ တော့... အခု ကောင်းကောင်း နားပြီး အင်အား ပြန်ဖြည့်ကြ... ငါတို့ မနက်ဖြန် စောစော ထွက် ခွာပြီး သုံးရက်အတွင်း ရုန်ထျန်းမြို့ကို ပြန်

ရောက်အောင် ကြိုးစားမယ်... ငါတို့ ကျန်းမိသားစုရဲ့ကြံစည်မှုကို သိနေမှတော့ ပြန်သွားတဲ့အခါ ကိုင်တွယ်ဖြေရှင်းရတာ ပိုလွယ်လိမ့်မယ်... အဆိုးဆုံးကတော့ ငါတို့ အတူတူ သေကြတာပေါ့... ဒါပေမဲ့ ငါတို့ ဘယ်တော့မှ အလျှော့ပေးမှာ မဟုတ်ဘူး..."

လူတိုင်း၏ အော်ဟစ်သံများကို ဖြတ်ပြောလိုက်ပြီး ရီချင်း၏ မျက်နှာတွင် ပြတ်သားသော အမူအရာတစ်ခု ပေါ်လာ၏။

"ဟုတ်တယ်... ငါတို့ အတူတူ သေကြမယ်... ဘယ်တော့မှ အလျှော့ပေးမှာ မဟုတ်ဘူး..."

လူတိုင်း အကြိမ်အနည်းငယ် အော်ဟစ်လိုက်ကြပြီး သူတို့၏ သဘောထားများ ခိုင်မာနေ၏။

"ဒီမိန်းကလေးက တော်တော် ကြမ်းတာပဲ..."

ရီချင်း၏ မယိမ်းမယိုင်သော အကြည့်ကို မြင်သောအခါ နိုင်းယွမ် သူ့ ရင်ထဲတွင် သူမကို ချီးကျူးလိုက်ပြီး ဆွေးနွေးနေသော လူအုပ်ကို ဆက်လက် အာရုံမစိုက်တော့ချေ။ သူ့ တဲထဲသို့ ဝင်ရောက်သွားပြီး ဆက်လက် ကျင့်ကြံနေလိုက်၏။

"ဒီလူ..."

ရီချင်း မူလက သူ့ကို စကား အနည်းငယ် ပြောရန် တွေးထားသော်လည်း သူ လှည့်၍ ထွက်ခွာသွားသဖြင့် သူမ စိတ်ပျက်အားငယ်စွာ ခြေထောက် အကြိမ်ကြိမ် ဆောင့်လိုက်မိ၏။ သူမထက်ပင် ပိုမို အေးစက်သော လူငယ်လေးကို ဘာမှ မလုပ်နိုင်သဖြင့် သူမ အိပ်စက်ရန် သူမ တဲဆီသို့ ပြန်သွားရုံသာ ရှိတော့သည်။

ထိုညတွင် အခြား အဖြစ်အပျက် မရှိဘဲ ကုန်ဆုံးသွားပြီး မိုးလင်းသည်နှင့် လူတိုင်း လျင်မြန်စွာ ထွက်ခွာသွားကြ၏။

သုံးရက်ဆက်တိုက် ခရီးသွားပြီးနောက် သူတို့ အမှန်တကယ်ပင် သူတို့ရှေ့တွင် ကျယ်ပြန့်နေသော မြို့တော် တစ်ခုကို တွေ့လိုက်ရ၏။

သုံးရက် ပြန်လည် ကောင်းမွန်လာပြီးနောက် နိုင်းယွမ်၏ ဒဏ်ရာများ လုံးဝ ပျောက်ကင်းသွားပြီ ဖြစ်သည်။ သူ့ ချီပင်လယ်ထဲရှိ အစစ်အမှန်ချီကို အပြည့်အဝ ဖြည့်တင်းရန် အလှမ်းဝေးနေသေးသော်လည်း သူ့ အင်အားမှာ နှစ်ဆ တိုးပွားလာပြီး သူ့ သိုင်းစွမ်းရည်မှာ ယခင်ကထက် နှစ်ဆကျော် မြင့်တက်လာ၏။

ဆင်ကောင်ရေ ၁၀၀၀၀၏ ကြီးမားသော

အင်အားနှင့် စိတ်ဝိညာဉ် အလယ်အဆင့် ဝိညာဉ် ပေါင်းစပ်လိုက်သောအခါ စွမ်းအားမှာ အလွန် ကြီးမားသဖြင့် ယွမ်ရှန်းအဆင့် အထွတ်အထိပ် ပညာရှင် တစ်ယောက်ပင် သူ့ထံမှ ဓားချီ တစ်ချက်တည်းဖြင့် သေဆုံးသွားလောက်ပေသည်။

ထိုသုံးရက်အတွင်း လူတိုင်း သူတို့ရှေ့ရှိ လူငယ်လေး အလွန် အားကောင်းကြောင်း သိထားကြပြီး သူ့အပေါ်ထားသော သဘောထားမှာ ယခင်ကနှင့် ပြောင်းလဲသွားကာ ယခုအခါ လေးစားမှုများဖြင့် ပြည့်နှက်နေ၏။

နိုင်းယွမ် ခေါင်းခါလိုက်ပြီး သိပ်အာရုံမစိုက်တော့ချေ။

ထိုသုံးရက်အတွင်း ရီချင်း နိုင်းယွမ်နှင့်

တစ်ယောက်တည်း အကြိမ်အနည်းငယ် စကားပြောခဲ့၏။ သူမ၏ လေသံအရ သူမ နိုင်းယွမ်ကို သူတို့အား ကူညီစေချင်ပုံ ရသော်လည်း နိုင်းယွမ် နောက်ဆုံးတွင် ငြင်းဆိုခဲ့ပေသည်။

သူ့တွင် ကိုင်တွယ်ဖြေရှင်းရန် အရာများစွာ ရှိနေသေး၏။ သူ့ ဖခင်နှင့် အခြားသူများကို မတွေ့ရှိရသေးဘဲ ညီငယ်ကိုလည်း ပြန်ရှင်သန်လာအောင် မလုပ်ပေးရသေးချေ။ သူမလည်း ရှိနေသေး၏။ သူ တကယ်ကို ဒုက္ခများ ထပ်မယူချင်တော့ချေ။

"နိုင်းယွမ်... ကျွန်မတို့ ရန်ထျန်းမြို့ကို ရောက်တော့မယ်... ရှင် ကျွန်မတို့ကို တစ်ကြိမ်ကယ်တင်ခဲ့တယ်... ဒါကြောင့် ဘာပဲဖြစ်ဖြစ်... ဒီတစ်ခေါက် ကျွန်မတို့ ရီမိသားစုကို

ညှော့သည်ဝတ်ကျေပွန်ခွင့် ပေးရမယ်..."

မြို့တော်ကို မြင်သောအခါ ရီချင်း လျှောက်သွားလိုက်သည်။

"အင်း..."

တစ်ဖက်လူက သူ့ကို ဆွဲဆောင်ရန် ကြိုးစားနေသေးကြောင်း သိသဖြင့် နိုင်းယွမ် ခဏမျှ စဉ်းစားပြီး ခေါင်းညိတ်လိုက်၏။

သူ့ အင်အား ပြန်လည် ကောင်းမွန်လာပြီးနောက် နိုင်းယွမ် ဖခင်နှင့် အခြားသူများ အလွန်ဝေးကွာနေကြောင်း အာရုံခံမိ၏။ အကယ်၍ သူ ထိုနေရာသို့ ပျံသန်းသွားပါက မည်မျှ ကြာမြင့်မည်ကို သူ မသိရှိချေ။ ထို့အပြင် သူ အားကောင်းလျှင်ပင် မျှောလွင့်ကုန်းမြေတိုက်ကြီး အထက်ရှိ ကောင်းကင်ယံတွင် ပျံသန်းခြင်းမှာ အလွန်

အန္တရာယ်များနေသေး၏။ သူ တည်နေရာ ကူးပြောင်း ဝက်ပါ တစ်ခုကို အသုံးပြုရန် နည်းလမ်း ရှာရပေမည်။

ရီမိသားစုက ရန်ထျန်းမြို့ရှိ မိသားစုကြီး တစ်ခု ဖြစ်သဖြင့် သူတို့ သူ့ကို လျင်မြန်စွာ ထွက်ခွာရန် ကူညီပေးနိုင်သော တည်နေရာကူးပြောင်း ဝက်ပါ တစ်ခုကို ရှာဖွေနိုင်ပေလိမ့်မည်။

ဝှစ်....

သူတို့ စကားမဆုံးမီမှာပင် ရှေ့တည့်တည့်မှ လေတိုးသံများ ဆက်တိုက် ကြားလိုက်ရပြီး ခပ်ထွားထွား ပုံရိပ် အများအပြား ခြေလှမ်းကျဲကြီးများဖြင့် လျှောက်လာကြ၏။

"အကြီးအကဲ ကျန်းရွှယ်... ရှင် ဘာလို့ ဒီမှာ ရှိနေတာလဲ..."

ပုံရိပ်များ ဆင်းသက်သည်နှင့် ရီချင်း သူတို့ကို မှတ်မိသွားပြီး သူမ၏ မျက်နှာ မည်းမှောင်သွား၏။

အရှေ့ဆုံးတွင် လျှောက်လာသော ကျန်းရွှယ်က ကျန်းမိသားစု၏ အကြီးအကဲ တစ်ယောက်၊ ယွမ်ရှန်း နောက်ဆုံးအဆင့် ရှိ ထိပ်သီးပညာရှင် တစ်ယောက် ဖြစ်၏။ သူ ထိုအချိန်တွင် ထိုနေရာသို့ ရုတ်တရက် ပေါ်လာခြင်းမှာ ကောင်းသော အရာ မဟုတ်တန်ရာ။

"ငါတို့ ကျန်းမိသားစုက အခု မင်းတို့ ရီမိသားစုကို ဓားပြ မိစ္ဆာဆူဂိုနဲ့ ပူးပေါင်းပြီး ရှန်ထျန်းမြို့ကို ဒုက္ခပေးဖို့ ရည်ရွယ်တယ်လို့ သံသယရှိတယ်... မင်းတို့ ချက်ချင်း ဆင်းသက်ပြီး စစ်ဆေးမှု ခံယူကြပါ..."

အကြီးအကဲ ကျန်းရှယ် ခြေတစ်လှမ်း ရှေ့သို့ တိုးလာပြီး မဲ့ပြုံး ပြုံးလိုက်သည်။

"ကျုပ်တို့က ဓားပြ ဆူဂိုနဲ့ ပူးပေါင်းတယ် ဟုတ်လား... ခင်ဗျားတို့ ပူးပေါင်းတာလေ..." ပိန်လှီသော လူငယ်လေးက ကျန်းမိသားစု ထိုမျှ အရှက်မရှိဘဲ သူခိုးက လူပြန်ဟစ်မည်ဟု မမျှော်လင့်ထားခဲ့သဖြင့် ဒေါသဖြင့် အော်ဟစ်လိုက်၏။

"ရိုင်းစိုင်းလိုက်တာ... မင်းက ဘာမို့လို့ ငါ့ကို ဒီလို စကားပြောရဲတာလဲ..."

အကြီးအကဲ ကျန်းရှယ်၏ မျက်လုံးများ ပြူးကျယ်သွားပြီး သူ ရုတ်တရက် ရှေ့သို့ ဆွဲယူလိုက်သည်။ "ဖြောင်း..."

သနားစရာ ကောင်းသည့် ပိန်လှီသော လူငယ်

လေး မြေကြီးပေါ်သို့ ထပ်မံ လွင့်စင်သွားပြီး သွေးများ အန်ထွက်လာ၏။

ထိုသူကား ပိန်လှီပုံ ပေါက်သော်လည်း သွေး တော့ အတော်ရှိပေသည်။

'အန်နေလိုက်... မင်း ကျင့်သားရသွားလိမ့် မယ်...'

ထိုမြင်ကွင်းကို မြင်သောအခါ နိုင်းယွမ် တွေး လိုက်၏။

"မယဉ်ကျေးတဲ့ ခွေး... ငါတို့ သက်သေ ရပြီး ပြီ... မင်းတို့ ဆူဂိုနဲ့ မပူးပေါင်းဘူးလို့ ပြောရင်... မင်းတို့ ဘာလို့ ဘာမှ မဖြစ်ဘဲ တောရိုင်းမြေကို ဘေးကင်းကင်းနဲ့ ဖြတ်သန်းနိုင်ခဲ့တာလဲ... သက်သေကို ခေါ်လာ..."

ကျန်းရွှယ် မဲ့ပြုံး ပြုံးလိုက်၏။

"ဟုတ်ကဲ့..." ချက်ချင်းပင် ပုံရိပ် နှစ်ခုက သက်လတ်ပိုင်း အမျိုးသားတစ်ယောက်ကို ခေါ်ဆောင်လာပြီး သူ့ကို ဖိနှိပ်ထားလိုက်၏။

ထိုသည်မှာ သွေးညှိနှံ့များ ထွက်နေသော လူလတ်ပိုင်း အရွယ် မိစ္ဆာ တစ်ကောင် ဖြစ်၏။ တစ်ချက် ကြည့်ရုံဖြင့် သတ်ဖြတ်ခြင်းတွင် ကျွမ်းကျင်သော ဓားပြ တစ်ယောက် ဖြစ်ကြောင်း သိနိုင်ပေသည်။

သူက ဆူဂို၏ ဓားပြ အုပ်စုထဲမှ ခေါင်းဆောင်ငယ် တစ်ယောက် ဖြစ်ပြီး ထိုညက ထွက်ပြေးလွတ်မြောက်သွားသူပင်။

"ဒါက ဆူဂိုရဲ့ လက်အောက်ငယ်သားပဲ... အခုငါတို့ကို ဘာတွေ ဖြစ်ခဲ့လဲဆိုတာ အတိအကျပြောပြ..." ကျန်းရှယ် ဟမ့်ခနဲ အသံနှင့် မေး

လိုက်၏။

"သူတို့ပဲ... သူတို့က ငါတို့ ခေါင်းဆောင် ဆူဂိုနဲ့ ပူးပေါင်းပြီး ငါတို့ကို ပိုက်ဆံ အများကြီးပေးပြီး ရုန်ထျန်းမြို့ကို ချုံခိုတိုက်ခိုက်ခိုင်းတာ... ငါတို့ ခေါင်းဆောင်က သဘောမတူဘူး... ဒါကြောင့် သူတို့ သူ့ကို သတ်ပစ်လိုက်တာ..." ထိုမိန်းမ ခေါင်းဆောင်ငယ် ရီချင်းကို ညွှန်ပြကာ ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

"မင်း..."

သူမ တစ်ဖက်လူ ထိုမျှ ယုတ်မာပြီး မိန်းမ တစ်ကောင်နှင့် ပူးပေါင်းကာ သူမကို စွပ်စွဲလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ချေ။ ရီချင်း သူမ၏ အဆုတ်များ ဒေါသဖြင့် ပေါက်ကွဲလုမတတ် ခံစားလိုက်ရ၏။

"ဘာလဲ... မင်း တခြား ပြောစရာ ရှိသေးလား... အားလုံး... မိစ္ဆာနဲ့ ပူးပေါင်းတဲ့ ဒီကောင်တွေ အားလုံးကို ဖမ်းသွားလိုက်ကြ..."

ကျန်းရွှယ် ဆိုးယုတ်စွာ ရယ်မောလိုက်ပြီး ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

"ဘယ်သူ လှုပ်ရှားရဲလဲ... ငါ သူတို့ကို သတ်ပစ်မယ်..."

ရီချင်း သူမ ဖမ်းဆီးခံရသည်နှင့် ရှင်းပြရန် နောက်ကျသွားမည်ကို သိသဖြင့် ချက်ချင်း ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး ဓားချီက လှိုင်းလုံးများကဲ့သို့ တက်ကြွလာ၏။

"မင်းအဖေ လာရင်တော့... ငါ နည်းနည်း ကြောက်လောက်ပါတယ်... ဒါပေမဲ့ မင်း... မင်းက ငါ့ကို တားချင်တယ် ဟုတ်လား... အိပ်မက်

မက်နေတာပဲ..."

ကျန်းရွယ် ခြေတစ်လှမ်း ရှေ့သို့ တိုးလာပြီး မျက်လုံးများတွင် ဆိုးယုတ်သော အေးစက်စက် အလင်း တစ်ချက် လက်ခနဲ ဖြစ်သွား၏။

"ဒါဆိုရင် စမ်းကြည့်လိုက်လေ..." ရှီချင်းသည် လည်း နောက်မဆုတ်ဘဲ လူငယ်လေးကို တိတ်တဆိတ် လှမ်းကြည့်လိုက်ရာ တစ်ဖက်လူ က ကုလားအုတ်၏ ခြေထောက်ကို မှီကာ မြက်ပင် တစ်ပင်ကို ကိုက်နေပြီး လုံးဝ စိတ်မ ဝင်စားပုံ ပေါက်နေသည်ကို တွေ့လိုက်ရ၏။ သူမ ဒေါသဖြင့် ခြေဆောင့်လိုက်ပြီး အံကြိတ်လိုက် မိသည်။

တကယ်တမ်းတွင် သူမ သူ့ကို အပြစ်မတင်နိုင် ချေ။ သူနှင့် သူမတို့က မတော်တဆ တွေ့ဆုံခဲ့

သော သူစိမ်းများသာ ဖြစ်၏။ သူက သူမကို လည်း တစ်ကြိမ် ကယ်တင်ခဲ့ပြီးပြီ ဖြစ်သည်။ သူမ သူ့ကို ဒုတိယအကြိမ် ကယ်တင်ရန် တောင်းဆိုနိုင်မည် မဟုတ်ချေ။

သူမကို ကယ်တင်ခြင်းမှာ သူ့ ကြင်နာမှု ဖြစ်ပြီး မကယ်တင်ခြင်းမှာလည်း တရားမျှတ၏။ သူမ သာ သူ့ကို အကြွေးတင်ပြီး သူကတော့ သူမကို အကြွေးမတင်ထားပေ။

"ဟဲဟဲ... မင်း သေလမ်းရှာနေမှတော့... ငါ လည်း အားမနာတော့ဘူး..."

ကျန်းရွှယ် သူမ ထိုသို့ ပြောသည်ကို စောင့်နေခဲ့ ခြင်း ဖြစ်၏။ ဆိုးယုတ်စွာ ရယ်မောလိုက် သည်နှင့် သူ့ ခန္ဓာကိုယ် ယိမ်းယိုင်သွားပြီး ယွမ်ရှ န်း နောက်ဆုံးအဆင့် ပညာရှင် တစ်ယောက်၏

အရှိန်အဝါကို မချန်မလှပ် ထုတ်လွှတ်လိုက်သည်။

အခန်း ၄၀၁ ပြီး

***